# ခေတ်သစ်လှုပ်ရှားမှုနဲ့ ဘာတွေမှားယွင်းနေသလဲ?။

## What is Wrong with The New Age Movement




**မေး** - ကျွန်ုပ်မိသားစုဝင်တစ်ဦးသည် ဤခေတ်သစ်လှုပ်ရှားမှုသွန်သင် ချက်အချို့ကြောင့် ထိခိုက်ရပါသည်။ ခေတ်သစ်အတွေးအခေါ် များ သို့မဟုတ် အလေ့အကျင့်များနှင့်ပတ်သက်၍ အမှားအယွင်း များကို မျှဝေနိုင်ပါသလား?။


**ဖြေ** - အဲဒါက မေးရန်သင့်တော်တဲ့မေးခွန်းပါ။ ၁၉၇၀ ခုနှစ်ပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့သော "ခေတ်သစ်လှုပ်ရှားမှု" ဟူသော ဝေါဟာရသည် ဘာသာရေးအယူအဆများ၊ အဖွဲ့အစည်းများနှင့် ဘာသာရေးဝါဒနှင့် နက်နဲသောဝိညာဉ်ရေးဆိုင်ရာ တန်ဖိုးများဖြင့် လူတို့ကို စည်းလုံးစေရန် ဖွဲ့စည်းထားသော ကွန်ရက်တစ်ခုဖြစ်သည်။ New World Consciousness သို့မဟုတ် Cosmic Consciousness လို့လည်း ခေါ်ဆိုနိုင်ပြီး သူတို့ရဲ့အခြေခံ ခံယူချက်တွေက အတူတူနီးပါးဖြစ်သည်။ ၎င်းသည် ကျမ်းစာအမြင်နှင့် ကွဲလွဲသော ခံယူချက်အသစ်ဖြစ်သည်။

လူအချို့သည် ခေတ်သစ်လှုပ်ရှားမှုဘဝ၏ရှေးရိုးရာဆန်သောအမြင်၊ အရှေ့နှင့်အနောက်တိုင်းနှင့်ဆိုင်သော ဘာသာများ၊ Secularism နှင့် Selfism တို့မှ ကောက်နုတ်သောကြောင့် လူကြိုက်များသည်။ ၎င်းတို့အားလုံးကို ပေါင်းစပ်ပြီး လောက၌ရှိသော ဘာသာတရားအားလုံးလက်ခံနိုင်သော ဘာသာအသစ်ပြုလုပ်သောအခါ ၎င်းသည် လောကနဲ့ဆိုင်သော အမြင်ဖြစ်သည်။

New Age Movement သည် pantheistic global cosmic လှုပ်ရှားမှုတစ်ခုဖြစ်ပြီး ၎င်းသည် ကိုးကွယ်ယုံကြည်မှုတစ်ခုထက်ပိုပြီး တစ်စုတစ်စည်းတည်းဖွဲ့စည်းပုံမရှိသော်လည်း ယောဂါနှင့် သလင်းကျောက်များကဲ့သို့သော ဂမ္ဘီရအလေ့အကျင့်တို့လည်း ပါဝင်သည်။ ဝိဇ္ဇာအတတ်၊ စိတ်ပိုင်းဆိုင်ရာနှင့် လောကုတ္တရာပညာဖြင့် လူတို့၏ တွေးခေါ်မှုဆိုင်ရာ အပြောင်းအလဲကို ထောက်ခံအားပေးသည့် ဩဇာလွှမ်းမိုးမှုတစ်ခုဖြစ်ပြီး ၎င်းတွင် လူမှုရေးနှင့် နိုင်ငံရေးကို ပံ့ပိုးသည့် အစီအစဉ်လည်းရှိသည်။

၎င်းသည် ဝိဇ္ဇာအယူဝါဒ၊ လူသားဝါဒနှင့် လူသားကိုဗဟိုပြုသော သဘာဝလွန်အယူဝါဒတို့၏ အိုးအိမ်ဖြစ်သည်။ ရှေးရိုးစွဲခရစ်ယာန်ဘာသာမှ ပျက်စီးယိုယွင်းနေသော အယူအဆအချို့နှင့် အရှေ့တိုင်းဘာသာတရားများ၏ ဝိညာဉ်ရေးရာ သင်ကြားမှုနှင့် ကျင့်ထုံးအချို့မှ နည်းပညာအချို့ကို

ငှားရမ်းခြင်းဖြင့်၊ ၎င်းသည် Feng Shui၊ နက္ခတ်ဗေဒင်ပညာ၊ အကြားအမြင်ရှိသော ဘာသာတရား အသစ်ကို ဖန်တီးခြင်းသာဖြစ်သည်။





ခေတ်သစ်လှုပ်ရှားမှုတွင် E.S.P.၊ အဘိဉာဉ်ကမ္ဘဌာန်း၊ အိပ်မွေ့ချခြင်း၊ ပြန်လည်မွေးဖွားခြင်း၊ မိမိကိုယ်ကို ကုစားခြင်း၊ အမြင်အာရုံပြုခြင်းနည်းပညာများ၊ wizardry၊ ယောဂနှင့် အခြားအရာများ ပါဝင်သည်။ ဤခေတ်သစ်လှုပ်ရှားမှုသည် ယနေ့ခေတ်တွင်နေထိုင်ကြသော လူငယ်များနှင့် လူလတ်ပိုင်း များစွာကို ဆွဲဆောင်လျက်ရှိသည်။

ခေတ်သစ်တွေးခေါ်မှု၏ အဓိကအချက်မှာ- လူသားမျိုးနွယ်သည် နှစ်ဘီလီယံနှင့်ချီ၍ ဆင့်ကဲပြောင်းလဲလာသော ယုံကြည်ချက်ဖြစ်ပြီး ကျွန်ုပ်တို့သည် Aquarius ဝိညာဉ်ရေးရာ အတိုင်းအတာအသစ်ကို ယူဆောင်လာမည့် ခေတ်သစ်ဆီသို့ဦးတည်ကာ ဝင်ရောက်နေပြီဖြစ်သည်။ ကျွန်ုပ်တို့၏ အတွင်းစိတ်များကို လေးနက်စွာ အာရုံစိုက်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် စစ်မှန်ပြီး မြင့်မြတ်သော ဉာဏ်ပညာကို ပြန်လည်ရရှိရန် လိုအပ်ပါသည်။


ခေတ်သစ်၏ ယူဆချက်မှာ အဖြစ်မှန်အားလုံးသည် တစ်ခုတည်းဖြစ်သည်။ ဤယူဆချက်သည် နည်းပညာအရ Monism ဟုခေါ်သော အရှေ့နှင့် ဂရိအတွေးအခေါ်တွင် ၎င်း၏အရင်းအမြစ်များရှိသည်။ ဉာဏ်ပညာလို့ ခေါ်တဲ့ အရာကတော့ 'အားလုံးဟာ တစ်ခုတည်းပါပဲ' ဆိုသည့်အရာက သင့်ကိုကောင်းကင်သို့ ခေါ်ဆောင်မည် ဟုဆိုသည်။ "သင်သည် ဘုရားဖြစ်သည်" ဟူသော မုသာစကားသည် အကောင်းဆုံးဖြစ်ပြီး လူအများက ၎င်းနောက်သို့လိုက်ကြသည်။ ကျွန်ုပ်တို့သည် ဤဆိုးယုတ်သော အနှောင်အဖွဲ့နှင့် မုသာဝါဒတို့မှ လွတ်မြောက်ရန် ခရစ်တော်ကို လိုအပ်သည်။

ခေတ်သစ်လှုပ်ရှားမှုသည် လူတစ်ဦးချင်းစီ၏ ခံစားချက်များကို ဆွဲဆောင်နိုင်ပြီး ၎င်းတို့ကို ဘုရားသခင်ဟု ထင်မြင်စေသည့် အတုအယောင် အတွေးအခေါ်တစ်ခုဖြစ်သည်။ ၎င်း၏ အလေးပေးမှုမှာ တရားထိုင်ခြင်း၊ အမြင်အာရုံ၊ ယောဂ၊ မူးယစ်ဆေးဝါး၊ တစ်ခုခုရွတ်ဆိုခြင်း၊ အိပ်မွေ့ချခြင်း၊ ကိုယ်ခံပညာနှင့် အခြားအရာများတို့ဖြစ်သည်။ New Ager သည် စကြာဝဠာတစ်သားတည်းဖြစ်ခြင်းကို ရရှိသည်ဟု ယုံကြည်ပြီး ကောမစ်ဝိညာဏ်အားဖြင့် လူသည် ဘုရားသခင်နှင့် ကင်းကွာသော်လည်း ဘုရားသခင်နှင့် တစ်သားတည်းဖြစ်ရန် သူ့နည်းသူ့ဟန် လုပ်နိုင်သည် ဟုဆိုသည်။ သူ၏အသိစိတ်သည် ကိုယ်ကိုလှည့်ဖြားပြီး ဘုရားသခင်နှုတ်က ပတ်တော်၏


သွန်သင်ချက်မဟုတ်သော ဝိညာဉ်ရေးရာ တရားတစ်မျိုးမျိုးဖြင့် သူ၏အသိစိတ် တွေးခေါ်မှုကို ပြောင်းလဲစေသည်။




ကာယဝိညာဏ်ကို ခံစားအပ်သော အတ္တသဘောကို သိခြင်း၊ မိမိကိုယ်ကို အပြစ်ဖြေခြင်း နိဗ္ဗာနဟူသော ဝေါဟာရ အမျိုးမျိုးဖြင့် ဖော်ပြသည်။ ဤလျှို့ဝှက်ဆန်း ကြယ်မှု အတွေ့အကြုံသည် အကောင်းနှင့် အဆိုးကြား ပိုင်းခြားမှု အားလုံး ရှုပ်ထွေးစေပြီး မကြာခဏ ရောထွေးနေသည့် စကြာဝဠာ တစ်သားတည်းဖြစ်ခြင်း၏ ခံစားချက်ကို ဖြစ်ပေါ်စေသည်။




ခေတ်သစ်၏မူလအစကို ဒေဝဉယျာဉ်ရှိ ကျွန်ုပ်တို့၏ ပထမဆုံးမိဘများဖြစ်သော အာဒံနှင့်ဧဝတို့ ထံတွင် ဘုရားကဲ့သို့ဖြစ်ရမည်ဟုဆိုသော ဆိုးသွမ်းသောမြွေ၏ လှည့်ဖျားမှု တွေ့ရှိခဲ့သည် (Gen 3:5)။ လူ၏ကံကြမ္မာနှင့် ကယ်တင်ခြင်းသည် လူ့အထဲ၌သာရှိသည်ဟူသော စကားဟာ မြွေ၏ ကောက်ကျစ် သောလိမ်ညာမှုဖြစ်သည်။ မျက်မှောက်ခေတ် ယုံလွယ်သူသည် လိမ်ညာမှုဟောင်းကို ကျေနပ်အားရဖွယ် တွေ့ရှိသည်။ ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်၌သာ အမှန်တရားကို ကျွန်ုပ်တို့မရှာ ဖွေပါက၊ ကျွန်ုပ်တို့သည် အမျိုးမျိုးသောလိမ်ညာမှု၌ ကျဆုံးမည်ဖြစ်သည်။ အပြစ်ထဲ၌ကျ ဆုံးသူသည် ဤမုသာစကားကြောင့်ဖြစ်ပြီး အထူးမျှော်လင့်ချက်နှင့် တန်ခိုးကို လိမ္မာပါးနပ်သော မြွေ၏ မှားယွင်းသောသတင်းစကားကို သူတွေ့ရှိခဲ့သည်။ ၎င်းသည် လူကို ဘုရားသခင်၏နေရာတွင် ချီးမြှောက်ကာ မှားယွင်းသော လုံခြုံမှုကို ပေးပြီး နတ်ကိုးကွယ်သူ ဖြစ်စေသည်။ ၎င်းသည် အဆိုးဆုံးသော ဝိညာဉ်ရေးရာ လှည့်စားမှုဖြစ်သည်။




ခေတ်သစ်ဒဿနိကဗေဒက လူသားသည် သူ၏ကံကြမ္မာဟာ သခင်ဖြစ်သည်ကို သမ္မာကျမ်းစာနှင့် ဆန့်ကျင်ပြီး ခရစ်တော်နှင့် သူ၏ကယ်တင်ခြင်းဆိုင်ရာ ဧဝံဂေလိတရားကို မလိုအပ်ကြောင်း သွန်သင်သည်။ လူဘုရား၏ မုသာဝါဒကို ဖော်ထုတ်ရမည်။ ဘုရားသခင်၏ နှုတ်က

ပတ်တော်က “ထိုအကြောင်းကြောင့် မုသာစကားကို ယုံကြည်ခြင်းငှာ ဘုရားသခင်သည် တန်ခိုးကြီးသော လှည့်ဖြားခြင်းကို စေလွှတ်တော်မူ၏” (၂သက် ၂း၁၀၊ ၁၁)။ ထို့ကြောင့် ကျွန်ုပ်တို့သည် သတိရှိရှိ နေကြရန်နှင့် ဆွဲဆောင်မှုရှိပြီး မှားယွင်းသောသွန်သင်ချက်မှ ဝေးဝေးနေရန် အခြားသူများကိုလည်း သတိပေးကြပါစို့။ ခရစ်တော်တစ်ပါးတည်းသာလျှင် စစ်မှန်သော ကယ်တင်ရှင်ဖြစ်သည်။ အခြားမရှိပါ။

**~ အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါသည် ~**

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore

ဘာသာပြန်သူ- *Mr. Benjamin*